မိတ်ကူးရှို့ရှို့အနုပညာ m

THE FROG PRINCE by FIONA WATERS

# ဖားမင်းသားလေး ပုံပြင်များ

လင်းတည်ဦးပြန်ဆိုသည်။



mgyoe.com



mgyoe.com

LTO0003

700.00 KS

mgyoe.com

ဖားမင်းသားလေး ပုံပြင်များ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၃၀၀၃၂၀၈၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၀၀၄၁၁၀၁၀ တို့ဖြင့်

မျက်နှာဖုံး ဃ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် တန်ဖိုး ၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

၃၉၈·၂

လင်းတည်ဦး

ဖားမင်းသားလေးပုံပြင်များ / လင်းတည်ဦး ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၄၈ မျက်နှာ၊ ၁၄·၅ စင်တီ× ၂၁ စင်တီ

(၁) ဖားမင်းသားလေးပုံပြင်များ

mgyoe.com

mgyoe.com

# FAIRY TALES


| | |
|---|---|
| ၁။ ဖားမင်းသားလေး | ၂ |
| ၂။ နေဥလုံး | ၁၀ |
| ၃။ အနက်ရောင်ပန်းကန်လုံးနဲ့ မိန်းမပျို | ၁၈ |
| ၄။ ကိုယ်ပျောက်လေ | ၂၆ |
| ၅။ ပန်းပဲဆရာသားအဖနဲ့ မှင်စာလေးများ | ၃၄ |
| ၆။ အနန်စီနဲ့မှော်ဝင်အိုး | ၄၁ |


mgyoe.com

mgyoe.com



# ဖားမင်းသားလေး

ရှေးရှေးက မှော်ပဉ္စလက်အတတ်တွေ အသက်ဝင်နေစဉ်အခါကပေါ့။ ဖခမည်းတော်၊ မယ်တော်တို့က အလိုလိုက်ထားသမို့ တော်တော်လေးကို ဆိုးချင်တဲ့ မင်းသမီးလေးတစ်ပါးရှိတယ်။ သူမမှာ အဖိုးတန်လှပတဲ့ ဝတ်စုံတွေ အများကြီး ရှိတယ်။ ဖိနပ်တွေဆို ပိုလို့တောင် များသေးသတဲ့။ ရတနာစီခြယ်တဲ့ လက်စွပ်တွေကလည်း လက်ချောင်းစေ့ပဲပေါ့။ ရှည်လျားတဲ့ ရွှေရောင်ဆံပင်တွေအတွက် ဘီးကောင်းကောင်းတွေလည်း ပေါများလှပါတယ်။ ရွှေပန်းကန်အစုံနဲ့ စားတော်ခေါ်ပြီး ရွှေကလပ်က ရေကိုမှ သောက်သတဲ့။ စက်ရာဝင်တဲ့အခါမှာ သလွန်အကြီးကြီးပေါ်မှာ နူးညံ့တဲ့ ပိုးသားအခင်းတွေ၊ နွေးထွေးတဲ့ ခြုံစောင်တွေနဲ့မှ စက်တော်ခေါ်သတဲ့။ သလွန်ဆိုတာက ခုတင် လိုမျိုးပါပဲ။

နေ့တစ်နေ့ရဲ့ မွန်းတိမ်းချိန်မှာ သူမ အနှစ်သက်ဆုံး ကစားစရာဖြစ်တဲ့ ရွှေဘောလုံးနဲ့ အတူ နန်းတော်တစ်ဝိုက် အရိပ်အာဝါသကောင်းတဲ့ တောထဲမှာ ဟိုဟိုဒီဒီလျှောက်သွားတယ်။ ရေတွင်းတစ်ခုနားရောက်တော့ ရေတွင်းနံဘေးမှာ ထိုင်ပြီး ရွှေဘောလုံးကလေးကို အပေါ် မြှောက်ပစ်လိုက်၊ ပြန်ဖမ်းလိုက်နဲ့



mgyoe.com

mgyoe.com

ဆော့ကစားနေခဲ့မိတယ်။ ရုတ်တရက် နေရောင်ခြည်လေးတစ်မျှင် သစ်ရွက်တွေ ကြားကနေ ထိုးဖောက်ကျလာသတဲ့။ မင်းသမီးကလေးဟာ မျက်လုံးတွေ ပြာဝေသွားတာပေါ့။ အဲဒီတော့ ရွှေဘောလုံးကလေးဟာ ရေတွင်းထဲကို 'ဗွမ်း' ခနဲကျသွားတော့တယ်။ တစ်ခါတည်း ရေတွင်းအမှောင်ထဲ နစ်မြုပ်သွားပါတော့တယ်။

မင်းသမီးကလေးဟာ ရေတွင်းနှုတ်ခမ်းကနေ ငုံ့ကြည့်တော့ ရွှေဘောလုံးရဲ့ အရိပ်အယောင်ကိုတောင် မမြင်ရတော့ပါဘူး။ ရွှေဘောလုံးတော့ ဆုံးပါပြီလို့ တွေးမိပြီး ငိုတော့တာပေါ့။ အဲဒီအချိန်မှာပဲ ခပ်အက်အက်အသံတစ်သံ ကြားလိုက်ရတယ်။

"မင်းသမီးကလေး၊ မင်းသမီးကလေး၊ ဘာများဖြစ်လို့ပါလဲဗျာ" တဲ့။

မင်းသမီးလေးဟာ လန့်ဖျပ်သွားပြီး ဘေးဘီဝဲယာ ကြည့်မိတာပေါ့။ ဒါပေမဲ့ ဘယ်သူမှ မတွေ့ရပါဘူး။ အဲဒီတော့ ပိုပြီးတော့တောင် ရှိုက်ကြီးတငင် ငိုတော့တာပါပဲ။ အသံက တစ်ခါထပ်ပေါ်လာပြန်ရဲ့။

"မင်းသမီးကလေး၊ မင်းသမီးကလေး၊ ဘာကြောင့် ငိုကြွေးနေလဲဗျာ"

ဒီတစ်ခါတော့ အသံကြားရာဆီ နီးနီးကပ်ကပ်တိုးကြည့်လိုက်တယ်။ ရေတွင်းနှုတ်ခမ်းမှာ ထိုင်နေတဲ့ အတော်ကြီးမားတဲ့ ဖားတစ်ကောင်ကို တွေ့လိုက်ရသတဲ့။

"ဘုရားသခင် . . . လူစကားပြောတဲ့ ဖားပါလား"

ဖားက မင်းသမီးလေးအနား ခုန်ဆွ ခုန်ဆွတိုးလာတယ်။ မင်းသမီးလေးခမျာ နှာခေါင်းရှုံ့မိသတဲ့။ ဖား က စိုတိုတို ချွဲကျိကျိနဲ့ကိုး။ ခြေထောက်နားတောင် ကပ်နေပြီလေ။

"ပြောရမယ်ဆိုရင်တော့ အဖိုးသိပ်တန်တဲ့ ငါ့ရွှေဘောလုံးလေး ရေထဲကျသွားတယ်"လို့ မင်းသမီးလေးက စိတ်တိုတိုနဲ့ ပြောလိုက်တယ်။ ဒီတော့ ကိုရွှေဖားက . . .



mgyoe.com

mgyoe.com




"ဒါလား။ မျက်စိတစ်မှိတ်အတွင်းမှာ ဆယ်ပေးနိုင်ပါသဗျာ" လို့ ပြောတယ်။

"ဒါဆိုရင်လည်း ကိုရွှေဖားရယ်၊ ဘောလုံးကိုသာ ပြန်ဆယ်ပေးရင်


mgyoe.com

mgyoe.com

ဥစ္စာဓနတွေ ပေးပါ့မယ်”လို့ မင်းသမီးလေးက ပြောတဲ့အခါ . . . “ဥစ္စာဓနတွေ ဘာတွေ မလိုချင်ပါဘူး။ ဘောလုံးပြန်ရရင် အတူ့အလှည့်အနေနဲ့ ကျွန်တော် မင်းသမီးနဲ့အတူ နန်းတော်ကြီးမှာ လိုက်နေချင်ပါတယ်။ မင်းသမီးရဲ့ စားတော်ကို စားပြီး မင်းသမီးနံဘေးမှာ အိပ်ချင်ပါတယ်” လို့ ဖားက ပြောတယ်။



မင်းသမီးလေးက ‘အဓိပ္ပာယ်မရှိလိုက်တာ’လို့ တွေးမိတယ်။ ဒါပေမဲ့ ရွှေဘောလုံးကိုလည်း ပြန်လိုချင်တယ်လေ။ ဒါကြောင့် မျက်ရည်သုတ်ပြီး ဖားကို စိတ်မပါ့တပါ ပြုံးပြတယ်။

“ကိုရွှေဖား၊ အသင်ဖြစ်စေချင်တာ ဖြစ်ရပါစေ့မယ်”လို့ ပြောလိုက်တယ်။ မင်းသမီးကလေး စကားဆုံးတာနဲ့ ‘ပလုံ’ဆို ကြားလိုက်ရပြီး ရေလှိုင်းတွေ ထသွားတယ်။ တစ်ခါ ရေစက်လက်နဲ့ ဖားဟာ မင်းသမီးကလေး ခြေထောက်နား ပြန်ရောက်လာပြန်သတဲ့။ ပါးစပ်ထဲမှာတော့ ရွှေဘောလုံးပေါ့။ မင်းသမီးလေး ဝမ်းမြောက်ဝမ်းသာဖြစ်သွားတယ်။ ရွှေဘောလုံးကို ဆတ်ခနဲ လုယူ၊ နန်းတော်ဆီ တစ်ချိုးတည်း ပြန်လှည့်ပြေးတော့တယ်။ ကျေးဇူးတင်စကားလေးတစ်ခွန်း



mgyoe.com

mgyoe.com



တောင် ပြောမသွားဘူးတဲ့။ ကိုရွှေဖားရဲ့ "မင်းသမီးလေး၊ မင်းသမီးလေး၊ စောင့်ပါဦး"ဆို တဲ့ ခေါ်သံကိုလည်း မကြားတော့ဘူးလေ။

အဲဒီညမှာတော့ ဖခမည်းတော်ရယ်၊ မယ်တော်ရယ်၊ မင်းသမီးလေးရယ် အတူတကွ ပွဲတော်တည်မယ့်ဆဲဆဲမှာ ထူးဆန်းတဲ့အသံတစ်သံ ကြားလိုက်ကြရတယ်။ သလင်းကျောက်အခင်းပေါ် စိုနေတဲ့ ခြေထောက်တွေနဲ့ တဖပ်ဖပ် လျှောက်လာတဲ့ အသံမျိုးပဲ . . . တဲ့။ နောက်တော့ စကားသံထွက်လာတယ်။

"မင်းသမီးကလေး၊ မင်းသမီးကလေး၊ ရေတွင်းနားမှာ ပေးခဲ့တဲ့ကတိကို မှတ်မိပါရဲ့လား" တဲ့။ နန်းတော်တံခါး ပွင့်သွားပြီး ဖားဟာ ခုန်ဆွခုန်ဆွ ဝင်လာပါလေရော။

မင်းကြီးက စိတ်သဘောကောင်းသူတစ်ဦးပါ။ မင်းသမီးလေး ပြောပြတဲ့ ရေတွင်းနားက အဖြစ်အပျက်ကို ကြားသိရတော့ အခုလို အမိန့်ရှိသတဲ့။

"သမီးတော်၊ ကတိတစ်ခုပေးပြီးရင် အဲဒီကတိကို တည်ရမယ်ကွဲ့"

အဲဒီတော့ အစေအပါးယောက်ျားက ဖားကိုယူပြီး မင်းသမီးလေးရဲ့ နံဘေး၊ စားပွဲပေါ်မှာ တင်ပေးသတဲ့။ ကိုရွှေဖားက မင်းသမီးလေးရဲ့စားတော်ပွဲကို သိမ်သိမ်မွေ့မွေ့ စားသောက်တယ်။ ဒါပေမဲ့ မင်းသမီးလေးခမျာမှာတော့


mgyoe.com

mgyoe.com

စားချင် သောက်ချင်စိတ်ကို ကုန်ပါလေရော။ စားသောက်ပြီးတဲ့အခါမှာလည်း ကိုရွှေဖားက ပြောပြန်တယ်။

"ကျေးဇူးတင်ပါတယ် မင်းသမီး။ အခု ကျွန်တော် စက်ရာဝင်ချင်ပါပြီ" တဲ့လေ။



mgyoe.com

mgyoe.com


မင်းသမီးလေး ငိုမဲ့မဲ့ဖြစ်သွားတာပေါ့။ ဒါပေမယ့် ခမည်းတော်မင်းကြီးက သတိပေးတယ်။

"သမီးတော် . . . ကတိတစ်ခုပေးပြီးရင် အဲဒီကတိကို တည်ရမကွဲ့"

ဒါနဲ့ပဲ မင်းသမီးလေးဟာ ဖားကို ခြေထောက်တစ်ဘက်ကနေ ကောက်ကိုင်၊ လက်ကို ခပ်ခွာခွာဆန့်တန်းပြီး စက်ရာခန်းဆောင်ဆီ ခေါ်သွားရတော့တယ်။ သလွန်ပေါ် ရောက်တော့ ဖားဟာ ခေါင်းအုံးပေါ် ခုန်တက်ပြီး အိပ်ပျော်သွားတယ်။ မင်းသမီးခမျာ သလွန်တော်တစ်ဘက်စွန်းမှာ တစ်ညလုံး အိပ်မပျော်ဘဲ ငုတ်တုတ် မိုးလင်းရရှာတာပေါ့။

နောက်တစ်နေ့ ညနေမှာလည်း ဖားက ရောက်လာပြန်တာပဲပေါ့။ မနေ့ကလိုပဲ မင်းသမီးလေးရဲ့ စားတော်ပွဲကို အတူခွဲဝေ စားသောက်ပြီး မင်းသမီးလေး နံဘေးမှာ အိပ်စက်ပြန်တာပဲပေါ့။ တတိယမြောက် ညမှာလည်း အဲဒီအတိုင်း ပါပဲ။ ဒါပေမဲ့ အဲဒီညမှာတော့ မင်းသမီးလေးဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားခဲ့တယ်။ သူမ အိပ်ရာကနိုးတော့ ကိုရွှေဖားကို မတွေ့ရပါဘူး။ ဒါပေမဲ့ စက်ရာခန်းဆောင်ထဲက သလွန်တော်နံဘေးမှာ ရပ်နေတဲ့ အင်မတန်ချောမောခံ့ညားတဲ့ မင်းသားလေးတစ်ပါးကို တွေ့လိုက်ရပါတော့တယ်။ အလွန်အံ့အားသင့်နေတဲ့ မင်းသမီးလေးကို မင်းသားလေးက ပြောပြတယ်။ သူဟာ ကောက်ကျစ်စဉ်းလဲတဲ့ နတ်သမီးတစ်ပါးရဲ့ ပြုစားခံရတာပါ . . . တဲ့။ တကယ့် မင်းသမီးလေးတစ်ပါးက သူမရဲ့ပွဲတော်အုပ်ကို သုံးရက်တိတိ ခွဲဝေစားသောက်စေပြီး သုံးညတိတိ သူမရဲ့ စက်ရာသလွန်တော်ပေါ်မှာ အိပ်စက်စေပါမှ မန္တာန်က ပျက်ပြယ်သွားမှာတဲ့လေ။

ကဲ . . . ဆက်ပြောဖို့တောင် လိုပါတော့မလားနော်။ မင်းသားလေးက မင်းကြီးနဲ့ မိဖုရားတို့ကို ဖြစ်ကြောင်းကုန်စင် လျှောက်တင်လိုက်တော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြတာပေါ့။ တစ်ခါ မင်းသားလေးက မင်းသမီးလေးကို လက်ဆက်ထိမ်းမြားခွင့် တောင်းခံတဲ့အခါ ကြားကြားသမျှအပေါင်း ဖျော်

mgyoe.com

mgyoe.com

ရှင် ဝမ်းမြောက်သွားကြတယ်။ မင်းသမီးကလေးလည်း ရွှေဘောလုံးကို လုံခြုံရာမှာ သိမ်းဆည်းထားလိုက်တော့တယ်။ ရွှေဘောလုံးနဲ့ ကစားစရာ မလိုတော့ဘူးလေ။ နောက်ဆို သူမ သိပ်ဆိုးတော့မှာလည်း မဟုတ်တော့ ဘူးပေါ့။ သူမမှာ သားသမီးတွေ ရလာတဲ့အခါ ပေးပြီးသား ကတိတစ်ခုကို တည်ဖို့ သင်ကြား ဆုံးမပါသတဲ့။

◈



mgyoe.com

mgyoe.com



# နေဥလုံး

ဟိုး ရှေးရှေးအခါတုန်းကပေါ့။ ဆွီဒင်နိုင်ငံက တောနက်ကြီးတစ်ခုထဲမှာ နတ်သူငယ်မ ပိစိကွေးလေး ရှိခဲ့သတဲ့။ (သူမကို ပိစိကွေးလို့ပဲ ခေါ်ကြရအောင် နော်) ရှိရှိသမျှ တောသတ္တဝါအပေါင်းက သူမကို ချစ်ခင်ကြတယ်။ အထူးသဖြင့် ငှက်ကလေးတွေက အင်မတန် ချစ်ခင်နှစ်သက်ကြသတဲ့။

တစ်နေ့တော့ တောထဲမှာ ဟိုဟိုဒီဒီလျှောက်သွားနေတုန်း ဝိုင်းဝိုင်း စက်စက် အလုံးကြီးတစ်လုံး တွေ့သတဲ့။ အဲဒီအလုံးကြီးက မြေပြင်ပေါ်မှာ သူ မကြာခဏ တွေ့တွေ့နေရတဲ့ ငှက်ဥနဲ့ တော်တော်တူတယ်။ အရောင်က လည်း တောက်ပနေတာပဲတဲ့။


"ဘာများပါလိမ့်နော်။ ငှက်ဥနဲ့တော့ တူပါရဲ့။ ဒါပေမဲ့ ဒါက အကြီး ကြီးပဲ"

ပိစိကွေးတစ်ယောက် အဲသလို တစ်ယောက်တည်းပြောဆိုနေတုန်း နေရောင်ခြည်လေးတစ်မျှင်က သစ်ကိုင်းသစ်ခက်တွေကြားကနေ ဖျတ်ခနဲ ငုံ့ကြည့်သတဲ့။



mgyoe.com

mgyoe.com



"အယ် . . . ဒါ . . . ဒါ . . . မိုးပေါ်ကကျလာတဲ့ နေဥလုံးပဲဖြစ်ရမယ်။ ငါ ဘာလုပ်ရမလဲကွယ်"

ဒီလိုနဲ့ တစ်ယောက်ယောက် တွေ့လိုတွေ့ငြား အပြေးကလေး လိုက်



mgyoe.com

mgyoe.com


ရှာမိတော့တယ်။ ဒီ နေဥလုံးကို ဘာလုပ်ရမယ်ဆိုတာ ကူညီဆုံးဖြတ်ပေးဖို့ပေါ့။ ရုတ်တရက် သူ့ခေါင်းကို တစ်စုံတစ်ခု လာပြီးထိမှန်တယ်။

"အား . . . . . မိုးပေါ်က ဘာကျလာပြန်ပါလိမ့်"

အဲဒီလိုတွေးနေတုန်းမှာ တခစ်ခစ်ရယ်သံ ကြားလိုက်ရတယ်။ သိပြီ။ ဒါ **လပ်ချ်**ပေါ့။ သူမရဲ့သူငယ်ချင်း တခြားနတ်သူငယ်ကလေးပေါ့။ သူက အမြဲ ပဲ ကျီစယ်နောက်ပြောင်နေတတ်တာလေ။ မော့ကြည့်လိုက်တော့ သစ်ကိုင်း တစ်ကိုင်းပေါ်မှာ အိပ်လို့။ ထင်းရှူးသီးနဲ့ သူမခေါင်းကို ပေါက်ခဲ့တာပါ။



"နာတယ်ဟ။ သွား . . . နင့်ကို ငါ့လျှို့ဝှက်ချက် မပြောတော့ဘူး"လို့ သူမက လပ်ချ် ကို ပြောပြီး အပြေးကလေးသွားပြန်သတဲ့။

လပ်ချ်ဟာ သစ်ပင်ပေါ်ကနေ ဆင်းလိုက်တယ်။ ထင်းရှူးသီးနဲ့ ပေါက်မိတာကို စိတ်မကောင်းဖြစ်သွားမိတယ်။ လျှို့ဝှက်ချက်တဲ့။ အဲဒီ လျှို့ဝှက် ချက်ကို သူလည်း သိချင်တာပေါ့။ ဒါကြောင့် နောက်က အပြေးကလေး လိုက် သွားမိတော့တယ်လေ။

ပိစိကွေးမှာ ရှယ်သူငယ်ချင်းတစ်ယောက် ရှိသေးတယ်။ ရေကန်နံဘေး မှာ စားသောက်ဆိုင်ဖွင့်ထားတဲ့ ဖားမကလေး **ရွှင်ပျော်ပျော်**ပေါ့။ ဆိုင်အဝင်ဝ မှာ 'ဧည့်သည်များ တစ်ဦးကိုတစ်ဦး သတ်ဖြတ် စားသောက်ခြင်းကို တားမြစ် သည်' လို့ ဆိုင်းဘုတ်ချိတ်ထားသတဲ့။ သူမရဲ့ ဖောက်သည်တွေဟာ အင်မတန်

mgyoe.com

mgyoe.com



ယဉ်ကျေးကြသူတွေချည်းပါပဲ။ ဆိုင်ထဲမှာ အမြဲလို အစိုးရိမ်ကြီးတတ်တဲ့ ဖားကလေး စိုးရိမ်နဲ့ ပက်ကျိတို့ဟာ နေ့လယ်စာ စားနေကြတယ်။

ပိစိကွေးဟာ သူတို့ကိုလည်းတွေ့ရော . . . .

"လိုက်ကြည့်ကြစမ်းပါဦး။ နေဥလုံးတစ်လုံး တွေ့ထားတာ ဘာလုပ်ရမှန်း မသိဘူး"လို့ ပြောလိုက်တယ်။

ဖားမကလေး ရွှင်ပျော်ပျော်နဲ့ ဖားကလေးစိုးရိမ် တို့ဟာ သူမ ပြန်ထွက်သွားရာနောက်ကို ချက်ချင်းပဲ လိုက်သွားကြပါတယ်။ ဒီအချိန်မှာ ပက်ကျိက သူ့ခုံ ပေါ်ကနေ ဆင်းတုန်းပဲရှိသေးတာ။ တောထဲမှာ သူတို့တွေဆုံကြတော့ လပ်ချ်က ရှဉ့်ကလေးနဲ့အတူ ရောက်နှင့်နေပြီလေ။ ပက်ကျိကတော့လေ (သိတယ် မဟုတ်လား) နောက်တစ်ပတ်အတွင်းလောက်ထိ ရောက်လာဦးမှာ မဟုတ် ဘူးပေါ့။

"ကဲ ဒီ နေဥ က ပေါက်ပြီဆိုပါတော့။ ဟောဒီနေရာမှာ အမြဲတမ်း



mgyoe.com

mgyoe.com





ထွန်းလင်းနေတဲ့ ငါတို့ ကိုယ်ပိုင်နေလုံးတစ်လုံး ရှိလာမယ်ထင်သလားဟင်”လို့ ပိစိကွေးက မေးတယ်။

“အင်း . . . . ငါကတော့ လုံးဝမထင်ပေါင်”

ဒါက ဟိုး သစ်ပင်အမြင့်ကြီးပေါ်က ပြောလိုက်တဲ့အသံပေ့ါ။ စုဝေးနေကြတဲ့ သူတို့အုပ်စုကို သစ်ပင်မြင့်ပေါ်က ကြည့်နေတဲ့ ဇီးကွက်ကြီးရယ်လေ။

“ညသာမရှိရင် ငါလည်း အစာရှာထွက်နိုင်မှာ မဟုတ်တော့ဘူး။ ငါ ပြောတာ သဘောပေါက်ပါတယ်နော်”

ဒီတော့ အားလုံးက အဲဒီအကြောင်း တွေးနေမိကြတာပေ့ါ။ ဒီအချိန်မှာ လပ်ချ် က နေဥလုံး ကို ပတ်ပြီး လမ်းလျှောက်နေသတဲ့။ ပြီးတော့ သူက ပြောတယ်။

“ဒီဥထဲမှာ မီးတွေ ရှိနေလိမ့်မယ်လို့ ထင်ကြသလား။ မင်းတို့သိတဲ့ အတိုင်း နေလုံးကြီးလိုမျိုးလေ”

ဒီအချိန်မှာ စိတ်တိုတိုနဲ့ အသံတစ်သံထွက်ပေါ်လာပြန်ရဲ့။

“မီးအကြောင်း ပြောနေကြတာ ဘာတဲ့တုံးကွ”



mgyoe.com

mgyoe.com



သူက ဦးမြစ်ကောက်ရယ်ပေါ့။ ဒီတောရဲ့ တောခေါင်းအဘိုးအို လူပုလေးပါ။

"မီးလောင်ရင် ငါ သိရမယ်။ ချက်ချင်း ငြိမ်းသတ်ပစ်ရမယ်ဟေ့" လို့ ကျယ်ကျယ်လောင်လောင် ပြောပါတော့တယ်။

mgyoe.com